

အာကြည်တော်
တ အုပ် တိုက်
အာကြည်တော်
ချစ်ခြင်းဖြင့် လင်းလက်စေ
ILLUSTRATED BY KO SAN.2012

အရောင်မရှိ၊

အနံ့မရှိ၊

အရသာလည်း မရှိ၊

ယုတ်စွအဆုံး ဒြပ်ထုပင်မရှိသော်လည်း

ကမ္ဘာတစ်ခုလုံးကို

လွှမ်းမိုးချုပ်ကိုင်

အုပ်စိုးနိုင်တာ

ဘာဟုထင်သနည်း။

ရုတ်တရက်ရွာလိုက် သော မိုးပြေးကြောင့် လင်းလက် တို့တစ်သိုက် မိုးခိုဖို့ အနီးဆုံး ကားမှတ်တိုင်အောက်သို့ ပြေး ဝင်ခဲ့ကြသည်။ လင်းလက်တို့တစ်သိုက်ဆိုတာက လင်းလက်ရယ်၊ ခမ်းသီရယ်၊ ဇော်မင်းရယ်၊ ကျော် ကျော်နဲ့ရဲရဲ ညီအစ်ကိုရယ်ပေါ့။ သူတို့ငါးယောက်က ကျောင်းမှာ ကတည်းက တတွဲတွဲ။

ကျောင်းပြီးကြတော့လည်း တစ်ရပ်ကွက်တည်းသား အိမ်နီးချင်းများမို့ အတွဲမပျက်။ ငွေကြေးအတန်အသင့် ပြေလည်သော မိသားစုများမှ ပေါက်ဖွားလာကြသူများမို့ ဘဝကို ခပ်ချောင်ချောင် ဖြတ်သန်းခွင့်ရနေကြသူများပါ။

ဒီလို မနက်ခင်းတိုင်း တစ်ယောက်ယောက်ကစလို့ လူစု ပြီး လက်ဘက်ရည်ဆိုင်ထိုင်ဖို့ လော်ဆော်။ လက်ဘက်ရည်ဆိုင် ထိုင်ပြီး

ကောင်မလေးများကို ငေး၊ ငမ်း၊ ပြီးလျှင် တောင်စဉ်ရေ မရ ဘာရွတ်ရွတ်တများပြော။

တစ်ခါတလေလည်း ကိုယ်နဲ့မဆိုင်တဲ့ ကမ္ဘာ့အရေး မြန်မာ့ အရေးတွေကို ဆွေးနွေးကြ ငြင်းခုန်ကြ၊ ဒီလိုပါပဲ။ ဘဝကို လျော့ လျော့ရဲရဲ ဖြတ်သန်းနေကျပေါ့။

ဒီနေ့လည်း လက်ဘက်ရည်ဆိုင်သွားကြဖို့ ထွက်လာရင်း မိုးက စွေချလာခြင်းဖြစ်သည်။ သူတို့အဖွဲ့ ကားမှတ်တိုင်အမိုး အောက် မိုးခိုနေစဉ်ခဏမှာ မိုးထဲရေထဲ မိုးမမြင်လေမမြင်နှင့် အဖြူရောင်ဆွယ်တာ အနီရောင်ဘောင်းဘီရှည်၊ လည်တိုင်မှာ ပန်း ရောင်မာဖလာကြီးစည်းလို့ ခြေဆုံးခေါင်းဆုံး နုနုရွရွများ သ,ထား တဲ့ မျက်မှန်အဝါနှင့် ချာတိတ်တစ်ယောက် တက်ကြွစွာ ဖြတ်သန်း သွားသဖြင့် သူတို့အဖွဲ့ ပါးစပ်အဟောင်းသားနှင့် ငေးမိသေး သည်။

''တောက်..မိုးထဲရေထဲ ဒီလောက်တောင်တက်ကြွနေပုံ ထောက်ရင် အကြံအစည်တစ်ခုခုတော့ ရှိရမယ်''

လင်းလက်၏ မှတ်ချက်စကားပါ။ လင်းလက်၏ တွေး ချက်က သွေးထွက်အောင် မှန်ပါသည်။

မျက်မှန်နှင့်ကောင်လေးက ကြွရွမြူးထူးစွာနှင့် ကောင် မလေးတစ်ဦးကို ချဉ်းကပ်ဖို့ ကြိုးစားနေသည်ကိုး။

ဇော်မင်းက ထိုမြင်ကွင်းကိုကြည့်ပြီး

''ဩော် ခေါ်တောအားနဲ့ ချိုကြွနေတာကိုး''

ကျော်ကျော်က

''ငြိမငြိ လောင်းမလား''

''လောင်းမယ်၊ မငြိရဘူး''

ရဲရဲကလည်း စိန်ခေါ်ပွဲကို လက်ခံ၏ ။

ကောင်လေးက ကောင်မလေးနားကို စောင်းငန်းစောင်း ငန်းကပ်ရင်း ကောင်မလေးအနားရောက်မှ ဖတ်ခနဲ နောက်ပြန် လှည့်ကာ လမ်းကို နောက်ပြန်လိုက်လျှောက်လျက် တော်ကီစ,သွင်း တော့၏။

''ဟော့ သည်းဦးမေ၊ တို့တောင်းထားတဲ့အဖြေ ဘယ် တော့ပေးမှာလဲ၊ တို့မေးနေတယ်လေ၊ ဟော့''

''ဒီမှာ မြင့်ကျော်ဦး၊ နင့်လို ခွေးလေးကြမ်းပိုး၊ အုတ်ကြား မြက်ပေါက် သားရေပေါ်အိပ် သားရေနားစားပြီး ခွေးကျင့်ခွေးကြံ ကြံမယ့်လူမျိုးကို ငါ တစ်သက်မစဉ်းစားဘူးလို့ ပြောခဲ့တာ မမှတ်မိ ဘူးလား''

''သြော် ဒါက နင်ငါ့ကိုချစ်လို့ တမင်တကာ စ,ပြီးပြော တာပါ၊ ဟုတ်တယ်မဟုတ်လား သည်းဦးမေ၊ ကိုယ့်ကိုချစ်တယ် မဟုတ်လားဟင်''

''မချစ်ဘူး၊ မချစ်ဘူး၊ တစ်သက်လုံးမချစ်ဘူး၊ ဒီဘဝလဲ မချစ်ဘူး၊ နောင်ဘဝလည်း မချစ်ဘူး၊ နောင်ဘဝဘဝပေါင်းများ စွာရှိရင်လည်း မချစ်ဘူး၊ ရှင်းပြီနော်၊ နောက်ကို ငါ့နောက် ခွေး ငတ်ချေးမျှော်သလို တကောက်ကောက် လျှောက်လိုက်မနေနဲ့''

''မနောက်ပါနဲ့ သည်းဦးမေရယ်၊ နင် ငါ့ကိုချစ်တာ ငါသိ ပါတယ်''

''သြော် မြင့်ကျော်ဦး သောက်ရူးရယ် ငါဘယ်တော့မှ မချစ်ဘူးဆိုတာကို ဘယ်ဘာသာနဲ့ ရှင်းပြရမလဲဟင်၊ ဘယ်အပြု အမူနဲ့ ပြရမလဲ''

''နင် ငါ့ကို တကယ်မချစ်ဘူးပေါ့၊ ဒါဆိုရင် ဟောဒီ ငါ့ ပါးနုနုလေးကို နင့်လက်ကြမ်းကြီးနဲ့ ရိုက်ပြစမ်း၊ နင်မရိုက်ရက်ဘူး မဟုတ်လား၊ အဲဒါဆို ငါ့ကို ချစ်နေတာပေါ့''

''သြော် သူတောင်းစားမြင့်ကျော်ဦး၊ နင့်ပါးကို ရိုက်မှယုံ မယ် ဟုတ်လား၊ အေး ရိုက်ပြမယ်၊ ရိုက်ပြမယ်''

လင်းလက်တို့နှင့်လက်တစ်ကမ်းအကွာမှာပင်ကောင်မလေးက မြင့်ကျော်ဦးဆိုသော ကောင်လေး၏ ပါးကို ဘယ်တစ်ချက် ညာတစ်ချက်၊ နှစ်ဖက်ညှပ်ပြီး တစ်ချက်ရိုက်ချလိုက်၏ ။ လက်သံ က စိန်ဗိုလ်တင့်ထက်ပင် ပြောင်ဦးမည်။ ဖြောင်းခနဲ ဖြောင်းခနဲ။

ကောင်မလေးက သူ့လက်ဖျားလေးများကို အနာသက် သာအောင်ခါရင်း

''ကဲ ဒါလောက်ဆို ရှင်းပြီလား''

မြင့်ကျော်ဦး လုံးဝငိုင်ကျသွားပြီး ခေါင်းကို နှစ်ချက်မျှ လေးလေးကြီး ညိတ်ပြ၏ ။

လင်းလက်တို့ ခပ်လှမ်းလှမ်းမှ အကဲခတ်နေမိ၏ ။ မြင့် ကျော်ဦးဆိုသူ လူငယ်လေး၏ အဖြစ်က စိတ်မကောင်းစရာပါ။

ကောင်မလေး ကော့ပက်ကော့ပက်နှင့် ထွက်သွားပြီ။

အသည်း တခွမ်းခွမ်းကွဲခဲ့ရသော မြင့်ကျော်ဦးဆိုတဲ့ငတိ သတိမဲ့စွာနဲ့ လမ်းကိုဖြတ်ကူးသည်။ သူ့လိုပဲ ထင်ပါရဲ့။ သတိမဲ့စွာ မောင်းဝင်လာတဲ့ ဘတ်စ်ကားတစ်စီး။

''ဟာ ဟေ့ ဟေ့''

လင်းလက်၏ အော်သံပင် မဆုံးလိုက်ပါ။

ကားတိုက်သံနှင့် ကောင်လေး၏ မျက်မှန်အကွဲလေး လင်းလက်ခြေထောက်ပေါ်သို့ကျလာခဲ့။ သွေးစတချို့ကလည်း လမ်းမထက်မှာ စီးကျလို့။ လင်းလက်တို့ အံ့ဩမင်သက်သွားခဲ့။

***

အချစ်ဆိုတာ အင်မတန်နူးညံ့သိမ်မွေ့ပြီး အေးချမ်း သာယာမှုရှိပါသည်။ ကမ္ဘာပေါ်မှာ ဖြစ်ပေါ်သမျှ ဂီတ၊ ပန်းချီ၊ ကဗျာ၊ စာပေ၊ သီချင်း၊ အကနဲ့ အခြားအနုပညာအားလုံး လူနေမှု တိုးတက်ဖန်တီးမှုအားလုံးရဲ့ အရင်းအမြစ်ဟာ ကမ္ဘာကိုချစ်လို့ ကိုယ့်လူမျိုးကိုချစ်လို့ ကိုယ့်မိသားစုကိုချစ်လို့ ဒါမှမဟုတ် တစ်ယောက်သောသူကိုချစ်လို့ ဆိုတဲ့ ချစ်စိတ်ရဲ့လှုံ့ဆော်မှုကြောင့် ပါပဲ။

တစ်ချိန်တည်းမှာပဲ အချစ်စိတ်ဟာ သိပ်ကို ပူလောင်ကြမ်းတမ်း၏ ။ ပြီး တဖောက် ကန်းလည်း ဆန်ပါသည်။ ကမ္ဘာပေါ်မှာ ဖြစ် သမျှပျက်သမျှ ရာဇဝတ်မှု၊ ခိုးမှု၊ လူသတ်မှု၊ ကိုယ့် ကိုကိုယ် သတ်သေမှုနဲ့ လူမျိုးတုံး သတ်ဖြတ်မှု တွေအဆုံး အချစ်စိတ်အပေါ် အခြေတည်ပြီး ဖြစ်လာကြတာပင်။ အချစ်စိတ်ပြင်းထန်လာပြီ ဆိုလျှင် ကမ္ဘာလည်းမရှိ၊ လူမျိုးလည်းမရှိ၊ မိသား စုလည်း မမြင်၊ ယုတ်စွအဆုံး ကိုယ့်ကိုယ်ကိုယ်ပင် တစ်ခါတစ်လေ မလိုအပ်တော့။

လင်းလက်က အခန်းထဲလမ်းလျှောက်ရင်း သူငယ်ချင်း ခမ်းသီ၊ ရဲရဲ၊ ဇော်မင်း၊ ကျော်ကျော်တို့ကို ယနေ့မြင်ခဲ့ရသော မြင်ကွင်းနှင့်ပတ်သက်၍ စိတ်မကောင်းစွာနှင့် ပြောပြနေသည်။

''အချစ်ဆိုတာ အင်မတန်နူးညံ့တယ်၊ သိမ်မွေ့လေးနက်တယ်၊ ကမ္ဘာပေါ်မှာ ရှိရှိသမျှ အသိပညာ၊ အတတ်ပညာ၊ အက၊ ကဗျာ၊ စာပေ၊ ပန်းချီ အနုပညာ လူသားမျိုးနွယ်စု တိုးတက်မှုအားလုံးရဲ့ အခြေခံဟာ အချစ်ဆိုတဲ့စိတ်က ပေါက်ဖွားလာတာပဲ။ အေး တစ် ဖက်ကကြည့်ရင်လည်း အချစ်ဆိုတာ အင်မတန်မှဆိုးရွားကြမ်း တမ်းတယ်၊ ကမ္ဘာပေါ်မှာ ရှိရှိသမျှသော ခိုးမှု၊ ဓားပြမှု၊

တိုက်မှု၊ လူ သားမျိုးနွယ်လိုက် မျိုးတုံးသတ်ဖြတ်မှု သေကြောင်းကြံမှု လူသတ် မှုနဲ့ ကိုယ့်ကိုကိုယ် သတ်သေမှုတွေရဲ့ အခြေခံအကြောင်းတရား အများစုဟာလည်း အချစ်ကြောင့်ဖြစ်တာများတယ်၊ ဒီနေ့ပဲ ကြည့်လေ၊ တို့မျက်စိရှေ့မှာတင် လူငယ်တစ်ယောက် အချစ် ကြောင့် သေဆုံးသွားရတာ ''

အားလုံး ခေါင်းညိတ်စဉ်းစားနေမိကြသည်။ ခမ်းသီက ဝရန်တာတွင်ထိုင်နေသော ကျော်ကျော့်ကို

''ကောင်မလေးလည်း တော်တော်ဟတ်ထိသွားမှာပဲ နော်''

''အေးလေ၊ သူလည်း ဒီလောက်အထိကြီးကို ဖြစ်မယ်လို့ ဘယ်ထင်မလဲ''

ကျော်ကျော်က ထောက်ခံ၏။ ဇော်မင်းကလည်း

''အေးနော်၊ တကယ့်ကို လျှပ်တစ်ပြက်ကြီး''

''ကျဆုံးသွားတဲ့အချစ်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ဝေဝါးသွားတာ ဖြစ်မယ်နော်''

ဒါက ရဲရဲရဲ့မှတ်ချက်။ လင်းလက်က ဆရာကြီးစတိုင်လ် နှင့် မျက်မှောင်ကုတ်ရင်း

''အေး ဒါမျိုး ခုမှဖြစ်တာ မဟုတ်ဘူး၊ ရိုမီယိုနဲ့ဂျူးလီ ယက်လား၊ ဒဿဂီရိနဲ့ မယ်သီတာလား၊ ဟိုးမားရဲ့အိုဒစ်ဆီလား၊ အိုမာခရမ်ရဲ့ ကဗျာတွေလား၊ ဒါတွေအားလုံးဟာ အချစ်ရဲ့ အကျိုး အပြစ်တွေကို ဖော်ကျူးခဲ့တာချည်းပဲ၊ နပိုလီယံပဲကြည့်လေ၊ သူချစ် တဲ့ မုဆိုးမလေး ဂျိုးဆက်ဖင်းရဲ့ နှစ်လိုကိုးစားမှုကို လိုချင်လို့ ကမ္ဘာ တစ်ခြမ်းလောက်ကို ဖျက်ဆီးပြခဲ့တာပဲ''

''တယ်ကြမ်းတဲ့ ဆရာပဲ''

ဝရန်တာလက်ရမ်းပေါ် သက်သောင့်သက်သာ ထိုင်နေ တဲ့ ကျော်ကျော်က ပခုံးတွန့်ရင်း ဆို၏။

''ဒါတင် ဘယ်ကဦးမလဲ၊ ဟစ်တလာဆိုလည်း သူက သာမန်ပန်းချီဆရာလေး ဖြစ်ချင်တာ၊ တစ်နေ့ သူ့ချစ်သူနဲ့ ချိန်း ထားပြီးမှ ပိုက်ဆံမရှိလို့ ဂျူးဆိုင်တစ်ဆိုင်မှာ သူ့ပန်းချီကားပေးပြီး ငွေနည်းနည်းချေးတာ ဂျူးအဘိုးကြီးက အဓိပ္ပာယ်မရှိတဲ့ ပစ္စည်း တွေအတွက် ပိုက်ဆံတစ်ပြားတောင် မပေးနိုင်ဘူးဆိုပြီး ငြင်း လွှတ်ခဲ့တယ်၊ ငွေမရှိလို့ ချစ်သူနဲ့မတွေ့နိုင်ဘဲ အသည်းကွဲခဲ့တဲ့ ဟစ်တလာဟာ ဂျူးလူမျိုးတွေကို အဲဒီ အချစ်ကိစ္စနဲ့ပဲ အညိုးထား ခဲ့တယ်၊ သူ အာဏာရှင်ဖြစ်လာတော့ အဲဒီ အညိုးနဲ့ ဂျူးဆိုရင် ပြတိုက်မှာ သွားကြည့်ရပါလိမ့်မယ် ဆိုပြီး အမျိုးတုံးအောင် သတ် ပါရောလား''

ခမ်းသီက သက်ပြင်းကို ဖွဖွချရင်း

''မင်းပြောမှပဲ အချစ်စိတ်ဟာ သိပ်ကြောက်ဖို့ကောင်း မှန်း သိရတော့တယ်''

လင်းလက်က စားပွဲပေါ်တွင် တင်ပုလွဲထိုင်ရင်းက

''အချစ်စိတ်ဟာ ကြောက်စရာကောင်းသလို သနား စရာလည်း ကောင်းတယ်ကွ၊ ခုခေတ်ကွာ NGO အဖွဲ့အစည်း တွေက သဘာဝ ဘေးဒဏ်ကာကွယ်ရေး၊ မိဘမဲ့ကလေး စောင့် ရှောက်ရေး ရောဂါသည်တွေဝိုင်းပယ်မခံရရေး၊ နာရေးကူညီမှုတွေ ကို ဝိုင်းဝန်းပြီး လုပ်နေကြတယ်၊ ဒါပေမယ့် နှလုံးသားဒဏ်သင့် ခံနေရတဲ့ လူတွေကိုတော့ ကယ်ဆယ်ဖို့ မေ့နေကြတယ်''

ဇော်မင်းက ပြတင်းပေါက်မှ ငေးနေရာက ထောက်ခံ၏။

''အေးနော်၊ နှလုံးသားဒဏ်သင့်တဲ့လူက လူသတ်ဖို့လဲ ဝန်မလေးဘူး၊ သတ်သေဖို့လည်း ဝန်မလေးဘူး၊ ပိုပြီး ဂရုစိုက် သင့်တယ်''

''အေး ဒီနေ့ကြုံတွေ့ခဲ့တဲ့ သင်ခန်းစာအရ နှလုံးသား ဒဏ်သင့်ခံရတဲ့လူတွေကို ကူညီကယ်ဆယ်ဖို့ စောင့်ရှောက်ဖို့ အဖွဲ့

အစည်းတစ်ခုတော့ ရှိသင့်တယ်ဆိုတာ အထင်အရှားပဲ၊ ဒီ ကွက် လပ်ကို တို့လိုအမြင်ရှိတဲ့ လူငယ်တွေ ပူးပေါင်းပြီး ထူထောင်ကြရ အောင်''

''အေး ကောင်းတယ်''

အားလုံးက စိတ်ညီလက်ညီ။ ကျော်ကျော်က ခါးဆန့် ရင်း

''ဒါဆို ရုံးခန်းလိုမှာပေ့ါ''

''ဒီအခန်းဟာ ရုံးခန်းပေ့ါ၊ ဒီအခန်းပိုင်ရှင် ငါ့ဦးလေး ဦးခန့်မင်းက နိုင်ငံခြားမှာ ပါမစ်နစ်ဝိတ်တာဖြစ်နေတာ၊ တော်ရုံနဲ့ ပြန်လာမှာ မဟုတ်ဘူး၊ ကဲ နှလုံးသားဒဏ်သင့်သူတွေကို ကယ် ဆယ်ဖို့''

လင်းလက်လက်ဝါးဖြန့်ပေး။

အားလုံးက လင်းလက် လက်ဝါးပေါ်သို့ လက်ဝါးများ တင်ကြရင်း

''နှလုံးသားဒဏ်သင့်သူတွေကို ကယ်ဆယ်ဖို့''

ဟု အားမာန်အပြည့်နှင့် ကြွေးကြော်ကြ၏ ။ လူငယ်တို့၏ အတွေးတွင် ငွေကြယ်ပွင့်တွေ လင်းလို့၊ လက်လို့။

***

ညည့်ကိုးနာရီခွဲသည် လူငယ်တစ်ယောက်အဖို့ နောက် ကျသည်ဟု မဆိုသာသေးပါ။ သို့သော် လူငယ်တို့နှင့် တဖြည်း ဖြည်း အလှမ်းကွာလာသော လူကြီးတို့အတွက်တော့ ဒီအချိန်က နွေးနွေးထွေးထွေး ကိုရီးယားဇာတ်လမ်းတွဲကို စောင်ခေါင်းမြီး ခြုံကွေး၍ ကြည့်နေမှ လူယဉ်ကျေးဟု သတ်မှတ်တတ်သလိုလိုပင်။

လင်းလက်အဖို့တော့ ဒီကိုရီးယားကားတွေကို မရှုနိုင် မကယ်နိုင် မလွတ်တမ်းစောင့်ကြည့်နေရခြင်းကို စိတ်နယ်ချဲ့ခံနေ ကြရခြင်းဟု ထင်သည်။

ကိုရီယားကားလာသည့်အချိန်တွင် ဘာအလုပ်မှ မလုပ် နိုင်ဘဲ ပါးစပ်အဟောင်းသားနှင့် တမေ့တမော မြောနေသည့် လူများ ကိုလည်း စိတ်ဓာတ်ကျေးကျွန်ပြုခံနေရသူများဟု မြင်သည်။ ဘာသာရေးရှုထောင့်ကကြည့်လျှင်လည်း အဖေနှင့်အမေအပါအဝင် ထိုသို့သောသူများကို ကိုယ့်ဖွဲ့နှင့်ကိုယ် ငရဲကြီးနေကြသူများဟု ထင်ပါသည်။

အချိန်ရမှ ကယ်ဆယ်ရေးအသင်းတစ်ခု ထူထောင်ရဦး မည်။

ဒီအချိန်ဆို အဖေနှင့်အမေ မြဝတီမှလာသော ကိုရီးယား ဇာတ်လမ်းတွဲကို မျက်ရည်လည်ရွဲ နှပ်တွဲလဲနှင့် ကြည့်နေမည့်အချိန် ဖြစ်ပါသည်။

လင်းလက်က အဖေအမေတို့နောက်မှ ခြေဖျားထောက် လျှက် ကုတ်ကုတ်ကလေးပြေးကာ စကားနည်းရန်စဲ အိပ်ရာဝင်ဖို့ ကြိုးစားသည်။

အဖေကနပ်သည်။ ဖျတ်ခနဲမြင်တာနှင့် ပါးစပ်ကခေါ် ပြီးသား။

''လင်းလက် လာစမ်းပါဦး''

မျက်လုံးက တီဗီထဲက အာကြီးမထံမှ မခွာသေး။ အော် တိုလည်ပတ်စနစ်အရ ပါးစပ်က စကားတွေ အလိုလို ထွက်ကျ လာသည်။

''မင်း ဘာတွေလုပ်နေလဲ ဟင် တစ်နေကုန်တစ်နေခမ်း ဘယ်မှန်းမသိလျှောက်သွား၊ အရည်မရ အဖတ်မရတာ တွေပြော၊ မဟုတ်မဟတ်တွေတွေး၊ ဘာမှန်းမသိတဲ့ အတွေးအခေါ်စာအုပ် တွေဖတ်၊ ပြီးရင် ကြီးကောင်ကြီးမားနဲ့ မုန့်ဖိုးဆိုပြီး မိဘဆီမှာ လက်ဖြန့်ပြီး လာလာတောင်းနေတာ မရှက်ဘူးလား၊ ဟင်''

လင်းလက်က အဖေ့အနီး ဆိုဖာဆက်တီပေါ် စိတ်ပျက် လက်ပျက် ထိုင်ချရင်း

''အာ အဖေကလည်း သားက အဖေတို့အမေတို့ဆီမှာပဲ တောင်းနေတာ

ဘာရှက်စရာရှိလဲ၊ မိဘဆိုတာ မွေးဖို့တာဝန်ရှိ သလို မွေးပြီးရင်လည်း မညည်းမညူ ကျွေးဖို့လည်း တာဝန်ရှိတယ် လေ၊ ကဲ မိဘက ဆတ်ဆော့ပြီး မွေးပဲမွေးတယ်၊ ကျွေးရမယ့် တာဝန်မယူတဲ့ တချို့တွေဆို ရပ်ကွက်ထဲ ပတ်တောင်းနေကြတာ၊ အဲဒါမျိုးမှ ရှက်စရာ''

''ဟော့ကောင် အဲဒါက သူတောင်းစားတွေကွ၊ နေစမ်းပါ ဦး၊ မင်း ဒီအရွယ်ကြီးအထိ လက်ဖြန့်တောင်းသုံးနေပုံ ထောက်ရင် မင်းရဲ့ ရှေ့လာမယ့်ပလန်ထဲမှာ အလုပ်လုပ်ဖို့ အစီအစဉ်လေး များရော ပါရဲ့လား''

''ခု အဖေတစ်ယောက်တည်း အလုပ်လုပ်နေတယ်၊ သား တို့ ဆင်းရဲလို့လား၊ အသင့်အတင့် စားနေဝတ်နေ နေ,နေရတာ ပဲ၊ ဆင်းလည်းမဆင်းရဲဘဲ ချမ်းတောင့်ချမ်းသာလူတွေက အလုပ်တွေကို အတင်းဝင်ဝင်လုပ်နေကြလို့ ခုကမ္ဘာမှာ ဘာတွေဖြစ်နေလဲ၊ အလုပ် လက်မဲ့ ပြဿနာတွေ ဖြစ်နေကြတယ်၊ ဒါဟာ ဘာကြောင့်ဖြစ်လဲ ဆိုရင် အဖေတို့လို မိဘဆိုတဲ့အာဏာတွေသုံး၊ သားသမီးတွေကို မလိုအပ်ဘဲ အလုပ်တွေခိုင်း၊ အဲလို လောဘဇောတိုက်တဲ့ လူချမ်း သာတွေကြောင့်ပဲ''

တီဗီနှင့် ဥမကွာသိုက်မပျက် ဖြစ်နေသော အဖေ့မျက်လုံး က ဆတ်ခနဲ ကိုရီးယားကားမှ ကွာသွားသည်။ ဒါက လင်းလက် လိုချင်တဲ့ပုံစံပါ။

မိဘကို ကိုရီးယားဇာတ်ကားတို့၏ စိတ်ကျေးကျွန်ပြုခံ နေရခြင်းမှ တဒင်္ဂကယ်ဆယ်လိုက်ခြင်းဖြစ်သည်။ အဖေကတော့ ဒါလောက် လေးနက်တဲ့အကြောင်းကို သတိပြုမိဟန်မတူ။ ဘော လုံးသမားဟောင်းမို့ လင်းလက်ကို ပြေးကန်ဖို့ထသည်။

''မအေပေးလေး၊ ဒါမျိုးကျ တတ်တယ်''

လင်းလက်က သူကန်တိုင်းခံနေမယ့် ဘောလုံးလေးမှ မဟုတ်တာ။ ယွန်းသည်ပေါ့။ အဖေနဲ့အမေသာ တွဲရေးဆွဲရေးလုပ် ရင်း ကျန်ရစ်သည်။

လင်းလက်က အိပ်ခန်းတံခါးကို ပိတ်ပြီး ကွန်ပျူတာပင် ဖွင့်နေပြီ။ ကမ္ဘာနှင့်ရင်ဘောင်တန်းသော အတွေးတွေရဖို့ ချက် တင်ထိုင်ရဦးမည်လေ။

***

အချစ်သည်

ငါတို့၏ နှလုံးသားထဲတွင် ထပ်ချပ်ကပ်လျက် ရှိသည်။ ပြီးတော့ နွမ်းနယ်နေတဲ့ ဘဝများကို နှစ်လိုဖွယ်ဖြစ်စေသည်။

ရေပြည့်နေတဲ့ တောင်ကျချောင်းလို

ငါတို့၏ ဘဝများကို ငြိမ်းချမ်းစွာ စီးဆင်းစေသည်။

ချစ်ခြင်းမေတ္တာတွေနဲ့

တေးဆိုရင်း

ဘဝများစွာ စီးဆင်းဖို့

ငါတို့ပေးဆပ်ကြရဦးမည်။

***

လင်းလက်၊ ခမ်းသီ၊ ကျော်ကျော်၊ ရဲရဲ၊ ဇော်မင်းတို့ ယနေ့ တော့ စောစီးစွာပင် ရုံးခန်းတွင် တွေ့ဆုံကြသည်။ ထုံးစံအတိုင်း လင်းလက်မှပင် လှုပ်နှိုးပြန်၏ ။

''ကဲ ငါတို့ရဲ့ နှလုံးသားရောဂါသည်နှင့် အချစ်ဒဏ်သင့် နေသူများ ကယ်ဆယ်ရေးအဖွဲ့ကို ဘယ်လိုနာမည်ပေးကြမလဲ''

ထုံးစံအတိုင်းပင် ကျော်ကျော်က အထကောင်း၏။

''လွယ်ပါတယ်ကွာ၊ ဦးကျော်သူတို့က နာရေးကူညီမှု အသင်းဆိုတော့ တို့က သာရေးကူညီမှုအသင်းပေါ့''

''အာ သာရေးထဲမှာ အလှူရော ကထိန်ရော ရှင်ပြု ရဟန်းခံရော နားသပွဲတွေရော အကုန်ပတ်သက်နေတာကွ၊ ဘယ် သာရေးမျိုးပဲ လုပ်မယ်လို့ အမျိုးအမည်ခွဲလို့ရမှာ မဟုတ်ဘူး၊ အား လုံး ရှုပ်ကုန်လိမ့်မယ်၊ ပြီးတော့ နာရေးကူညီမှုအသင်းက သူတို့ကို နှောက်ရပ့်ါမလား ဆိုပြီး အုပ်ထည့်လို့ ဟုတ်ပေ့ဖြစ်နေဦးမယ်၊ ကောင်းပါဘူးကွာ၊ တခြားဟာစဉ်းစား''

အခန်းထောင့်တွင် ဆောင့်ကြောင့်ထိုင်နေသော ဇော် မင်းက

''အချစ်ဒဏ်သင့်သူ စောင့်ရှောက်ရေးအသင်း ဆိုရင်ရော''

''အာ ရိုးလွန်းပါတယ်ကွာ၊ မင်းဟာက မိခင်နဲ့ကလေး စောင့်ရှောက်ရေးအသင်းအမျိုးကြီး''

လင်းလက်က ပယ်ချပြန်၏။

''ဒါဖြင့် နှလုံးနာအခမဲ့ ပြုစုရေးအဖွဲ့ဆိုရင်ရော''

''အာ မင်းနာမည်က နှလုံးရောဂါသည်တွေက နှလုံး ရောဂါကို အခမဲ့ဆေးကုပေးမယ်ထင်ပြီး အားကိုးတကြီး ပေါက်ချ လာမယ့် အပေါက်၊ ကိုယ့်အပေါက်နဲ့ကိုယ် ချောက်ကျပါဦးမယ်ကွာ လုပ်ပါဦးကွ ခမ်းသီရ၊ မင်းက စာကဗျာတွေ စိတ်ဝင်စားတဲ့ အတွေး သမား နာမည်ကောင်းကောင်းလေး စဉ်းစားပေးပါဦး''

လင်းလက်လောဆော်မှု စကားနည်းသောခမ်းသီက အကြံပေး၏။

''အင်း လင်းလက်က စပြီး ဒီအသင်းထောင်ဖို့ အကြံရ တာ မဟုတ်လား၊ ဒါလေးလည်း အမှတ်ရဖြစ်နေရအောင် အလင်း ရောင်

အချစ်သီးသန့်အကျိုးဆောင်လုပ်ငန်း ဆိုရင်ရော''

''ဟား ကောင်းတယ်၊ အဲဒီ နာမည်က အကောင်းဆုံးပဲ''

အားလုံး၏ ထောက်ခံမှု။

လင်းလက်ကလည်း အားရကျေနပ်စွာနှင့်

''အချစ်သီးသန့်ဆိုတာ ပါတဲ့အတွက် ဘာနဲ့မှမရောတော့ ဘူး၊ ကောင်းတယ်၊ အေး အသင်းဖွဲ့ပြီဆိုတော့ တို့အားလုံး ရာထူး တစ်ခုစီတော့ ယူရမယ်၊ ငါက အခန်းလည်း စိုက်တယ်၊ အိုက်ဒီ ယာလည်း စိုက်တယ်ဆိုတော့ အလင်းရောင်အဖွဲ့ရဲ့ ဥက္ကဋ္ဌရာထူး ကို ယူမယ်ကွာ''

ကျော်ကျော်က ပြုံးဖြီးဖြီးလုပ်ရင်း

''လိုအပ်ရင် ပိုက်ဆံပါစိုက်မယ် မဟုတ်လား''

''စိုက်မယ်ကွာ''

''ဒါဖြင့် ထိုက်တန်ပါတယ်၊ ထောက်ခံပါတယ်''

ဇော်မင်းက သူ့ရာထူးအတွက် တင်ပြ၏ ။

''ငါက သင်္ချာနဲ့ကျောင်းပြီးတာဆိုတော့ အသင်းရဲ့ စာရင်းဇယားတွေကို တာဝန်ယူရမှာ၊ ဒါကြောင့် ငါ့ကိုတော့ အောက် ထစ်အတွင်းရေးမှူးလောက်တော့ ထားကြကွာ၊ လိုအပ်ရင် ငါ လည်း ရန်ပုံငွေစိုက်ပါ့မယ်''

''ဖြစ်စေဗျာ''

''ငါက နှလုံးသားဝေဒနာသည် ရှာဖွေရေးပေါ့ကွာ''

ကျော်ကျော်က သူ့ရာထူးကိုသူ တင်ပြသည်။ လင်းလက် က ထောက်ခံ၏
။

''ထောက်ခံပါတယ်''

သူ့ဘာသာနဲ့သူတို့တော့ အဖိုးစားနားမရသော်လည်း အချိုးစားနားက ကျလို့။

''ဒါဖြင့် ငါက ပြင်ပဆက်သွယ်ရေးနဲ့ နှလုံးနာသည်ပြုစု ရေးပေါ့ကွာ''

ရဲရဲ၏ အဆို။

''ကောင်းတယ်၊ ကောင်းတယ်''

ကျော်ကျော်က ထောက်ခံ၏။ ငြိမ်နေသောခမ်းသီကို လည်း လင်းလက်ကပင် တောင်းဆို၏။

''ခမ်းသီ မင်းလည်း တာဝန်တစ်ခုခု ယူလေကွာ''

''ကျွန်တော်က တာဝန်ယူလို့ မရတော့ဘူးဗျ၊ အိမ်က ဖားသားမားသားတွေက စက်ာပူမှာ ကျောင်းတက်ဖို့ အားလုံး စီစဉ်ပြီးသွားပြီ၊ ရှေ့အပတ်ထဲ ထွက်ရတော့မှာ''

သူငယ်ချင်းများ ငြိမ်သက်သွားသည်။ အရာရာကို စူးရှ သူ လင်းလက်ကပင် ရာထူးရှာတတ် ခန့်တတ်ပြန်ပေသည်။

''အေး စိတ်မကောင်းစရာပဲ၊ ကဲ ဒါဖြင့်လည်း ခမ်းသီက နိုင်ငံတကာ အသည်းကွဲသူများအသင်း သံတမန်ပေါ့ကွာ၊ ပြီးတော့ တို့အသင်းရဲ့ ဘဏ္ဍာငွေတောင့်တင်းရေး အထူးအဝေးရောက် ဘဏ္ဍာရေးမှူးတာဝန်ပါ တွဲကိုင်ရမယ်၊ ဒါမှ အသင်းအတွက် ငွေ လိုရင် လှမ်းတောင်းလို့ရမှာ''

''အေး ကောင်းတယ်ဟေ့''

အဖွဲ့သားအားလုံးက ထောက်ခံကြ၏။

''ကဲ တို့အသင်းရဲ့ ပထမခြေလှမ်း လှမ်းနိုင်ဖို့က ရန်ပုံငွေ ရှိဖို့ လိုတယ်၊ ကဲ ခု မင်းတို့မှာ ပိုက်ဆံ ဘယ်လောက်ပါလဲ၊ ပေးကြ၊ မုန့်ဖိုးတွေဘာတွေ ချန်မထားနဲ့၊ ဒီနေ့ကစပြီး မင်းတို့ရဲ့မုန့်ဖိုးတွေကို အသင်းရန်ပုံငွေထဲ ထည့်ရမယ်၊

မင်းတို့ရဲ့ စားရေးသောက်ရေးကို အသင်းက တာဝန်ယူပေးမယ်၊ ဟုတ်ပြီလား''

လင်းလက်က သူ့တွင်ပါလာသောငွေတစ်သိန်းထည့်၏ ။ ကျန်လူများလည်း ပါသလောက်ထည့်ကြ၏ ။ စိတ်တူကိုယ်တူ ဂရောင်ရိုက်ရန်လည်း တူသူတွေမို့ သိပ်မစပ်ရ။ လာဆို ပါပြီးသား တွေ။ တစ်နေ့မုန့်ဖိုးနဲ့တင် ရန်ပုံငွေ(၃)သိန်းခန့် ရကြ၏ ။ လင်း လက်က

''တစ်ရက်မုန့်ဖိုးနဲ့တင် ရန်ပုံငွေ တော်တော်တောင့်သွား ပြီ၊ ရန်ပုံငွေရပြီဆိုတော့ တို့အသင်းကို လူသိအောင် လှုပ်ရှားမှု တစ်ခုခု လုပ်ရမယ်၊ ဘာစလုပ်ရင် ကောင်းမလဲ''

ကျော်ကျော်က

''အင်း တို့အသင်းရှိမှန်း သိရအောင် အလင်းရောင် အချစ်သီးသန့်အကျိုးဆောင်လုပ်ငန်းဆိုတဲ့ ခေါင်းစဉ်နဲ့ တို့အကျိုး ဆောင်ပေးမယ့်လုပ်ငန်းတွေ တို့လိပ်စာတွေကို ကွန်ပျူတာစာစီ ပြီး ကားမှတ်တိုင်တွေ လမ်းဆုံလမ်းခွတွေမှာ လိုက်ကပ်ရမယ်''

''ကောင်းတယ်၊ ပြင်ပဆက်သွယ်ရေးမှူး စီစဉ်ဆောင် ရွက်ပါ''

လင်းလက်က အတည်ပြုပေး၏ ။ ဇော်မင်းကလည်း

''အသင်းဆိုင်းဘုတ်တင်ရမယ်''

''ဟုတ်တယ်''

''အတွင်းရေးမှူး အစီအစဉ် ဆောင်ရွက်ပါ''

ရဲရဲကလည်း

''အင်း အသင်းရဲ့ပြင်ပဆက်သွယ်ရေးမှူး တစ်ယောက် အနေနဲ့ တင်ပြရရင် ကျွန်တော်တို့ရပ်ကွက်ထဲမှာ ပဲပြုတ်သည်လေး ရွှေစင်ဦးနဲ့ သူ့ချစ်သူ နတ်ပွဲတွေမှာ ချီကောက်တယော လိုက်ထိုးနေ တဲ့ တယောသမား ဘိုဘိုကျော်ဆိုတဲ့

အတွဲရှိတယ်၊ သူတို့အတွဲက ချစ်သူသက်တမ်းက သုံးနှစ်ကျော်နေပြီ၊ ဒါပေမယ့် မင်္ဂလာစရိတ် မတတ်နိုင်လို့ အသည်းကွဲနေကြရတယ်''

''ကောင်းတယ်၊ အသည်းကွဲသူ ပပျောက်ရမယ်၊ ငါတို့မှာ ရှိတဲ့ ရန်ပုံငွေနဲ့ဆို လူ ၂၀၀/၃၀၀ လောက်ကို အုန်းနို့ခေါက်ဆွဲတော့ ကျွေးနိုင်မှာပဲ၊ မင်္ဂလာဆောင်လာတဲ့ လူတွေက တစ်ယောက် တစ် ထောင် ထောင့်ငါးရာ လက်ဖွဲ့မယ်ဆိုရင် တို့စိုက်ထားတဲ့ငွေ အေး ဆေးပြန်ရမယ်၊ ဒါဆို သူတို့လည်း စရိတ်ငြိမ်း မင်္ဂလာဆောင်ရမယ်၊ တို့လည်း အရင်းမရှုံးဘူး၊ ဘယ်လောက်ကောင်းလဲ''

ဇော်မင်းက ဖြည့်စွက်၏။

''ကဲ ပြောနေကြာတယ်၊ ခုပဲ မင်္ဂလာပွဲအတွက် ကွင်းဆင်း စည်းရုံးလိုက်ကြရအောင်''

အားလုံးပျော်ရွှင်စွာ လက်ဝါးရိုက်ရင်း အော်ကြပြန်၏။

''အသည်းကွဲသူ ပပျောက်ရမယ်၊ ချစ်သူတိုင်း ညားရမယ်၊ ညားသူတိုင်း ချစ်ရမယ်''

***

ဆုပ်ကိုင်ရယူနိုင်တဲ့ အချစ်ဆိုတာ

မီးအိမ်ကလေးထက်က လူးလွန့်နေတဲ့ မီးတောက်ကလေးမျှသာပါ..

ဒါပေမယ့်

အချစ်အားဖြင့် မစွမ်းသာရင်

ဝိုင်းဝန်းကူညီ ထွန်းညှိပေးရမှာပေ့ါ..

ကမ္ဘာမြေ လင်းလက်စေဖို့ပေ့ါ။

***

လင်းလက်တို့အဖွဲ့၏ စိုက်ထုတ်လောဆော် လုံးပန်းမှု ဖြင့် အလင်းရောင်အချစ်အကျိုး ဆောင်လုပ်ငန်း၏ ပထမခြေ လှမ်းအဖြစ် ချီကောက်တယော သမား ဘိုဘိုကျော်နှင့် ပဲပြုတ် သည်မလေး ရွှေစင်ဦးတို့၏ မင်္ဂလာ ညှော်ခံပွဲ အထမြောက်စွာ ပြီးစီး ခဲ့လေပြီ။

မင်္ဂလာလက်ဖွဲ့များကို ကန်ထရိုက်ယူ

ရောင်းဝယ်ဖောက်ကားသော လက်ဖွဲ့ပွဲစား

မစန်းဦးလည်း ရောက်နေပြီ။ ရပ်ကွက်ဓမ္မာရုံရှေ့တွင် လက်ဖွဲ့ပုံးများ ဖောက်၍ ရောင်းဝယ်ဖောက်ကား နေကြသည်။

မစန်းဦးက ပစ္စည်းတစ်ခု ကိုယူ၍ စစ်ပြီးတိုင်း ဂဏန်းပေါင်းစက်ထဲ တန်ဖိုးများ ရိုက်ထည့်ကာ ပေါင်းနေ၏ ။ မစန်းဦး ဖြတ်သော ဈေးများက လင်းလက်တို့ကို ကပိုကရို ဖြစ်ဖြစ်စေ၏ ။

''ဒီစတီးချိုင့်က ၂၀၀၀''

လင်းလက်က ဆတ်ခနဲ တုန်သွားပြန်၏ ။

''အာ အန်တီကလည်း ဒီစတီးချိုင့်ကို ခုတင်ပဲ ၃၅၀၀နဲ့ ကျွန်တော်ကိုယ်တိုင်ဝယ်ပြီး လက်ဖွဲ့ထားတာဗျ''

''ဟဲ့ ပြောရပြန်ပြီ၊ အဲဒါက ဆိုင်က,ရိုက်တဲ့ဈေးဟဲ့၊ ငါတို့ က ဒီပစ္စည်းကို ၂၀၀၀နဲ့ကောက်မှ ဒိုင်ကို ၂၅၀၀နဲ့ သွင်းရမှာ၊ ဒိုင်က ၃၀၀၀နဲ့ ပြန်ရောင်းလို့ နင်တို့ဝယ်တဲ့လက်ကားဆိုင်တွေ က ၃၅၀၀နဲ့ ပြန်ရောင်းတာပေ့ါ၊ ကဲ ဒီ လောက,က ဒီလိုပဲ၊ ရောင်း မှာလား၊ မရောင်းဘူးလား တစ်ခွန်းတည်းပြော''

''ကဲ ယူတော့ဗျာ၊ ပြောမှမရတာ ယူတော့ပေ့ါ''

လင်းလက်ကို မစန်းဦးက ငွေများရှင်းပေး၏ ။ လက်ဖွဲ့ ပစ္စည်းကို လေးဘီးကားနှင့် သယ်သွားပြီ။ ရှင်းပြီတစ်ရန်။

လင်းလက်က သတို့သားသတို့သမီးကို ခေါ်ပြီး စာရင်း ပြန်ရှင်းပေးရပြန်သည်။

''ဟေး ဘိုဘိုကျော်နဲ့ ရွှေစင်ဦးရေ လာဦးဟ''

သတို့သား သတို့သမီးတို့ ကုတ်ချောင်းချောင်းနှင့် ထွက် လာကြသည်။

''ကဲ ဒီမှာက ငွေသားလက်ဖွဲ့က လေးသောင်းနှစ်ထောင် ရတယ်၊ လက်ဖွဲ့ပစ္စည်းရောင်းရငွေက သုံးသိန်းငါးသောင်း သုံးထောင် ဆိုတော့ ပေါင်းလိုက်ရင် သုံးသိန်းကိုးသောင်းငါးထောင် ရတယ်၊ ဒီမှာ ကိုယ်တို့အလင်းရောင်အသင်းက စိုက်ထားတာက သုံးသိန်း၊ ပြီးတော့ ကတိအတိုင်း

အသင်းရန်ပုံငွေက ငါးသောင်းဆိုတော့ သုံးသိန်းငါးသောင်းကို ကိုယ်တို့ ပြန်နှုတ်ယူမယ်၊ ဒီတော့ လေး သောင်းခွဲ ကျန်တယ်၊ ရော့ ညီလေး၊ လေးသောင်းခွဲ''

''ဝမ်းသာလိုက်တာ အစ်ကိုတို့ရာ၊ ခုတော့ မင်္ဂလာလည်း ခမ်းခမ်းနားနားကျကျနနဆောင်ရ၊ ငွေပိုလေးလည်းရဆိုတော့ သား ရွှေအိုးထမ်းတဲ့ကိန်းဆိုက်တာပါပဲ နော် ရွှေစင်''

''ဟုတ်တာပေါ့ ဘိုဘိုကျော်ရယ်''

''ဒီပိုငွေလေးနဲ့ ဆိုက္ကားနင်းဖို့ စပေါ်တင်ရမယ်၊ ဒါမှ အလုပ်မရေရာတဲ့ ချိုကောက်တယောသမားဘဝထက် ကိုယ်ရုန်း ရင်ရုန်းနိုင်သလောက် ငွေပိုရမယ့် ဆိုက္ကားသမားဘဝက ငါတို့အူကို ပိုစိုစေမှာပေါ့ ရွှေစင်ရယ်''

ချစ်သူနှစ်ဦး ကြည်နူးနေကြ၏ ။ တစ်ဦးလက်ကိုတစ် ဦးတွဲလျက် ပိုငွေလေး လေးသောင်းကျော်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် ဘဝတိုက်ပွဲဝင်ရန် ထွက်သွားကြပြီ။

လင်းလက်တို့အဖွဲ့က ထိုမြင်ကွင်းကိုကြည့်ပြီး ဝမ်းသာ ကြရသည်။

''ကြည့်စမ်း၊ ချစ်သူနှစ်ဦး ပေါင်းသွားတဲ့မြင်ကွင်းဟာ ဘယ်လောက်များကြည်နူးစရာ ကောင်းလိုက်သလဲ၊ ဘယ်လောက် ကုသိုလ်ရလဲ၊ နိုင်ငံခြားရောက်နေတဲ့ ခမ်းသီသာသိရင် သူလည်း ဝမ်းသာရှာမှာပဲ''

''အေးပါကွာ၊ ငါလည်း ဒီအလုပ်ကလေးကို ငြိသွားပြီ ကွ''

ကျော်ကျော်ကလည်း ထောက်ခံ၏ ။

သူငယ်ချင်းများ၏ ပီတိမျက်နှာများက လတ်လတ်ဆတ် ဆတ် ပန်းသီးပျိုတစ်လုံးလို ဝင်းလို့ ဖန့်လို့။

***

ချစ်သူတိုင်းလည်း ညားကြပါစေ၊

ညားသူတိုင်းလည်း ချစ်ကြပါစေ။

***

ယခုတော့ အလင်းရောင် အချစ်သီးသန့်အကျိုးဆောင် လုပ်ငန်းသည် ပီတိလုပ်ငန်းကြီးတစ်ခုသဖွယ်ပင်။

ရုံးခန်းတွင် 'ချစ်သူတိုင်းလည်း ညားကြပါစေ၊ ညားသူ တိုင်းလည်း ချစ်ကြပါစေ' ဆိုသော ဆောင်ပုဒ်ကပ်ထား၏ ။

လင်းလက်က ရရှိလာသော ရန်ပုံငွေနှင့်ဥက္ကဌစားပွဲကို ဖြည့်တင်းထားသည်။ ရုံးသို့နောက်ကျရောက်လာသော ဇော်မင်း က

''ဘိုဘိုကျော်ကတော့ တော်တော်ဝမ်းသာနေတာဗျ၊ ခု တောင် သူ့ဆိုက္ကားနဲ့ အတင်းလိုက်ပို့တယ်၊ ကျေးဇူးတင်လွန်းလို့တဲ့ လေ''

''ရွှေစင်ဦးကလည်း ပျော်တာပါပဲ၊ မနက်ကတောင် ပဲပြုတ် ဝယ်စားတော့ ပိုက်ဆံပေးတာ မယူရှာဘူး။''

ကျော်ကျော်ကလည်း ဖြည့်စွက်ပြော၏ ။

''ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဆိုတာ ဒီအလုပ်မျိုးပေါ့ ကွာ၊ တို့လုပ်ငန်းကို ဒီထက် အရှိန်မြှင့်လုပ်ဆောင်ရမယ်''

လင်းလက်၏ စကားပင် မဆုံးသေး။ ရုံးခန်းထဲသို့ စုံတွဲ တစ်တွဲ ကုတ်ချောင်းချောင်းနှင့် ဝင်လာကြ၏ ။ အမျိုးသားက မရဲ တရဲ မေးသည်။

''ဒါ အလင်းရောင်အချစ်သီးသန့် အကျိုးဆောင်လုပ်ငန်း လားဟင်''

''ဟုတ်ပါတယ်ဗျာ၊ ထိုင်ကြပါ၊ မင်္ဂလာကိစ္စပဲလား ခင် ဗျာ''

''ဟုတ် ဟုတ်ပါတယ်ဗျာ၊ ဒါနဲ့ မင်္ဂလာမဆောင်နိုင်တဲ့ စုံတွဲတွေကို ငွေကြေးစိုက်ထုတ်ကူညီပြီး မင်္ဂလာဆောင်ပေးတယ် ဆို''

''အစစ်ပေါ့ဗျာ၊ ဒီမှာလေ ဒါ ကျွန်တော်တို့ရဲ့ ဆောင်ပုဒ် ပဲ''

'ချစ်သူတိုင်းလည်း ညားကြပါစေ၊ ညားသူတိုင်းလည်း ချစ်ကြပါစေ'ဆိုတဲ့ ဥက္ကဋ္ဌနောက်က ဆောင်ပုဒ်ကို လင်းလက်က ပုတ်ပြ၏။

အမျိုးသမီးက စိုးရွံ့တဲ့မျက်နှာနဲ့

''မင်္ဂလာမဆောင်တော့ပါဘူး ကိုရယ်''

အမျိုးသားက သက်ပြင်းချရင်း

''ခင့်သဘောပါပဲ ခင်ရယ်၊ ခင် မလုပ်ချင်ဘူးဆိုတော့ လဲ''

ဒါမျိုးတော့ အဖြစ်ခံလို့မရ။ လင်းလက်က လျှင်မြန်စွာ ပင်

''ဟာ မဟုတ်တာဘဲဗျာ၊ ခင်ဗျားတို့ မင်္ဂလာဆောင်ချင်လို့ ပဲ အလင်းရောင် အချစ်သီးသန့်အကျိုးဆောင်လုပ်ငန်းကို ရောက် နေကြပြီပဲ၊ ဆောင်လိုက်ပါ၊ ဆောင်လိုက်ပါ၊ ကျွန်တော်တို့ အဖွဲ့က အစစအရာရာကို တာဝန်ယူပါတယ်၊ လိုအပ်တဲ့ငွေကြေးကို မင်္ဂလာ ဆောင် ပြီးဆုံးသည်အထိ မျက်နှာမပျက်အောင် စိုက်ထုတ်တာဝန် ယူပေးပါ့မယ်၊

မင်္ဂလာဆောင်ပြီးမှ လက်ဖွဲ့ငွေသားနဲ့ လက်ဖွဲ့ပစ္စည်း ရောင်းရငွေထဲက ငွေပိုရှိမှ ကျွန်တော်တို့ စိုက်ထုတ်ငွေအပြင် အသင်း အတွက် ငွေငါးသောင်းကို ရန်ပုံငွေအဖြစ် ရယူတာပါ''

အမျိုးသားက သက်ပြင်းချရင်း

''တကယ်လို့ လက်ဖွဲ့က စိုက်ထားတဲ့ငွေလောက် မရဘူး ဆိုရင်ရော''

''တကယ်လို့ စိုက်ထားတဲ့ငွေကို ပြည့်မီအောင်ပြန်မရ ရင်လည်း

ကျွန်တော်တို့အသင်းက အရှုံးခံမှာပါ၊ လူကြီးမင်းတို့က မင်္ဂလာဆောင်ချင်တယ်ဆိုတဲ့ စိတ်ကူးနဲ့ လူပဲစိုက်ပါ၊ ကျန်တာကို အသင်းက ကူညီမှာပါ''

အမျိုးသားကြီးက အမျိုးသမီးကို နားချ၏။

''အေးလေ ဆောင်လိုက်တော့လည်း တရားဝင်ဖြစ်သွားတာ ပေ့ါ ခင်ရယ်၊ ဖရီးလ်ကြီးကို ဆောင်ရမှာပဲဟာ''

''ဟုတ်တာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့်''

အမျိုးသမီးကြီးက ချီတုံချတုံပင်

''ခင်ဗျားတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် နှစ်နှစ်ကာကာ ချစ်ကြတယ် မဟုတ်လားဗျာ''

လင်းလက်၏ အမေးက အမျိုးသားကြီး၏ ရင်ကို တိုက်ရိုက်ထိမှန်ပုံရသည်။ အမျိုးသားကြီးက ဆတ်ခနဲရင်ကော့ကာ

''ဒါတော့ မေးစရာမလိုပါဘူး၊ ဒီအခြေတောင် ဆိုက်နေ မှတော့၊ ဒါပေမယ့် ကျွန်တော်တို့က''

''ဒါလောက် ချောင်ချောင်လေး အိမ်ထောင်ကျမယ့်ကိစ္စ ကိုဗျာ''

''ဒါပေမယ့်ရှင် ကျွန်မတို့မှာက''

''ကဲ အစ်မကြီး ဘာမှတွေးပူမနေနဲ့၊ အစ်မတို့အစ်ကိုတို့ စိတ်တိုင်းကျဖြစ်အောင် အကောင်းဆုံးကို ဆောင်ရွက်သွားမှာပါ၊ အစ်ကိုတို့အစ်မတို့ပိုက်ဆံ တစ်ပြားတစ်ချပ်မှ မပါဘူးဆိုလို့ ဘာမှ မျက်နှာမငယ်စေရပါဘူး''

အမျိုးသမီးက သက်ပြင်းကို မိန်းမချ ဖော့ဖော့ကလေး ချရင်း

''ဟင်း ဒါဆိုလဲလေ''

''အဲလိုလုပ်ပါဗျာ၊ ပြတ်ပြတ်သားသားပေါ့၊ ကဲ ဒီမှာ စာရွက်စာတမ်းလေး လုပ်ထားကြရအောင်၊ နှစ်ဦးနှစ်ဖက် သဘော တူ စာချုပ်ပေါ့ဗျာ၊

တကယ်လို့ ဒီမှာရေးထားတဲ့အတိုင်း ကျွန်တော်တို့အသင်း က လုပ်မပေးခဲ့ရင် စာချုပ်နဲ့ရှင်းလို့ရအောင်လို့ပါ၊ ကဲ အစ်ကို့ နာမည်က''

''ကိုကျော်ဦးပါ''

''ကျွန်မက မနီလာခင်ပါ''

စာရွက်စာတမ်းများ စစ်ဆေးကြည့်ရှုကြရင်း..

***

ရပ်ကွက်ခမ်းမှာရုံထဲတွင် စားပွဲကုလားထိုင်များ ချထားပြီး ပြီ။ မင်္ဂလာသီချင်းသံများ လည်းဝေစည်နေပြီ။ လင်းလက် တို့အဖွဲ့ တက်ကြွစွာနှင့် စောင့်စားနေကြ၏ ။

အချိန်က တစ်စတစ်စ ကုန်လာပြီ။ ကျော်ကျော်က

စိုးရိမ်ပူပန်စွာဖြင့် လင်းလက်ကိုပြောသည်။

''မင်္ဂလာအချိန်က ကျတော့မယ်၊ သတို့သား သတို့သမီး တွေလည်း မလာကြသေးပါလား''

''အို ဒီလိုနေ့မျိုးတွေက သူတို့ဘဝမှာ ကြုံတောင့်ကြုံခဲတဲ့ နေ့တစ်နေ့ကွ၊ အလှဆုံးဖြစ်အောင် အချိန်ယူပြီး ပြင်ကြစမ်းပါ စေကွာ၊ ဟော ဟိုမှာ ကားဆိုက်ပြီ၊ သူတို့လားပဲ''

သူတို့စောင့်စားမျှော်လင့်နေကြသော မင်္ဂလာသတို့သား သတို့သမီး မဟုတ်။ ကားပေါ်မှ ဆင်းလာသူက ဘိသိတ်ဆရာသာ ဖြစ်သည်။

''ဘိသိတ်ဆရာပဲ၊ သွားပြီး နေရာချပေးလိုက်ကွာ''

ရဲရဲပြေးကြို၍ အခန်းထဲခေါ်သွား၏ ။

''ကဲ မင်္ဂလာအချိန်ရောက်နေပြီ၊ ကျော်ကျော်နဲ့ဇော်မင်း က မင်္ဂလာလက်ဖွဲ့တွေကို သေသေချာချာ စာရင်းနဲ့လက်ခံနော်၊ တို့လုပ်ငန်းက သံသယကင်းလေ နာမည်ကောင်းရလေ မဟုတ် လား''

မင်္ဂလာချိန်က သတ်မှတ်ချိန်ထက် ၁၅မိနစ်ခန့်ကျော် လာပြီ။ ခန်းမထဲသို့ ဘိသိတ်ဆရာကလွဲ၍ မည်သူမှ ရောက်မလာ သေး။ ဘိသိတ်ဆရာက အံ့သြတကြီး ညည်းတွား၏ ။

''ဘယ်လိုမင်္ဂလာဆောင်လဲကွ၊ မင်္ဂလာညှိပရိသတ် မပြောနဲ့၊ သတို့သား သတို့သမီးတောင် ရောက်မလာသေးပါလား''

''အေး ဟုတ်ပ၊ မင်္ဂလာအချိန်ထက်ကို ၁၅မိနစ်တောင် ကျော်နေပြီ''

လင်းလက်တို့အလင်းရောင်အဖွဲ့သားများပင် မြောင်စီ မြောင်စီနှင့်။ ဆိတ်ငြိမ်နေသော မင်္ဂလာခန်းမကို စတင်လှုပ်နှိုးခဲ့ သူက ပုဆိုးခြုံနှင့်လူနှစ်ဦး။

မင်္ဂလာခန်းမထဲသို့ ပုဆိုးခြုံထားသူနှစ်ဦး ခိုးကြောင်ခိုး ဝှက်နှင့် ပြေးဝင်လာကြ၏ ။

''ဟဲ့ ဟဲ့ ဘာတွေတုန်းဗျ၊ ဟေ့ နင်ဂျာတွေလား''

ကျော်ကျော်က ပုဆိုးခြုံအလုံးနှစ်လုံးအနက်မှ တစ်လုံး ကို ဖမ်းဆွဲထား၏ ။ အဆွဲခံထားရသူက မင်္ဂလာခန်းမထဲသို့ အတင်းရုန်းပြီး ပြေးဝင်ကာ အခန်းထဲရောက်မှ ပုဆိုးခြုံကို လှပ် လိုက်ကြရာ။

''ဟင် ကိုကျော်ဦးနဲ့မနီလာခင် ဘယ် ဘယ်လို ဖြစ်ကြ တာလဲဗျာ''

ပုဆိုးခြုံချွတ်လိုက်မှ တောက်ပသောအဝတ်အစားများ နှင့် သတို့သား ကိုကျော်ဦးနှင့် သတို့သမီး မနီလာခင်တို့ ပေါ် လာ၏ ။ ကိုကျော်ဦးက

မရှင်းပြနိုင်သေး။ ပြူးတူးပျာတာနှင့် ပတ် ဝန်းကျင်ကို အကဲခတ်ရင်း

''ဘိသိတ်ဆရာ ရောက်ပြီလားဟင်''

''ရောက်နေပြီဗျ''

''ဒါ ဒါဖြင့် မြန်မြန်တရားဝင်သွားအောင် ဘိသိတ် မြှောက်ပါဗျာ''

''နေဦးလေဗျာ၊ ခင်ဗျားတို့ရဲ့ မင်္ဂလာညှော်ပရိသတ်တွေ စောင့်ဦးလေဗျာ''

ကိုကျော်ဦးက ယောင်နနနှင့်ကြည့်၍

''ညှော်ပရိသတ်၊ ဘယ်ညှော်ပရိသတ်မှ မလာပါဘူး''

''ဗျာ ဘယ်လို''

ဒီတစ်ခါ ပြူးတူးကြောင်တောင် ဖြစ်သွားရသူက လင်း လက်တို့အဖွဲ့။

မနီလာခင်က ရှက်ပြုံးနှင့် ခေါင်းငုံ့နေ၏ ။ ကိုကျော်ဦးက ရှက်သလို သွားဖြီးကြီးလုပ်ရင်း

''ကျွန်တော်တို့ကလည်း ခင်ဗျားတို့တိုက်တွန်းလွန်းလို့သာ မင်္ဂလာဆောင်ရတာ ၊ ကျွန်တော်တို့နှစ်ယောက်လုံးမှာ လင်ကြီးမယားကြီးတွေ ရှိတယ်ဗျ၊ ဒါကြောင့် လူသိခံလို့ မဖြစ်ဘူး၊ လူသိ ရင် ပွဲပျက်သွားမှာဗျ''

''ဗျာ မင်္ဂလာဆောင်တာ လူသိခံလို့ မရဘူးဟုတ်လား၊ သေပါပြီဗျာ''

လင်းလက်က သူ့နဖူးကို ဖြောင်းခနဲဖြောင်းခနဲ နှစ်ချက် ပိတ်တီးမိ၏ ။ ကိုကျော်ဦးကတော့ သူမဟုတ်သလိုလိုပင်။

''သေမယ်ဆိုလည်း နောက်မှသေ၊ တရားဝင်သွားအောင် ဘိသိတ်ဆရာနဲ့ ဘိသိတ်မြှောက်လိုက်ဦးမယ်''

ဘိသိတ်ဆရာ စာများရွှတ်ဖတ်။ လင်းလက်မကြား တော့။

ခရုသင်းမှုတ်။ လင်းလက်မကြားတော့။

စုလျားရစ်ပတ်ပေး။ လင်းလက်မသိတော့။ လင်းလက် မြင်သည်က သတို့သား သတို့သမီး နှစ်ဦးလုံး မျက်ကလဲဆန်ပြာ နှင့် ကျီးကြည့်ကြောင်ကြည့် ကြည့်ကာ ခံယူနေကြပုံများသာ။

***